## မာတိကာ


၁။ နိဒါန်း
၂။ ကဗျာ
၃။ အမှာစာ
၄။ အမှာစာ(သရဝဏ်ပြည်)
၅။ အမေကျွေးတဲ့ဘဲဥတစ်ခြမ်း
၆။ ပြောင်းပြန်ဖြစ်သွားခြင်း
၇။ ဘိုးတော်ဖြူလေး
၈။ အဖေ့ကိုနင်းပေးချင်လိုက်တာ
၉။ ဖျက်စီးခံရသောသဒ္ဒါတရား
၁၀။ ယောကျ်ားယူဖို့ပိုက်ဆံရှာနေရသော ယောကျ်ားများ
၁၁။ မိန်းမယူဖို့ငွေရှာနေရတဲ့ မိန်းမများ
၁၂။ ဒေးမူအကျော်ထော့ခရော
၁၃။ အဖေအမေကိုတစ်နေ့ဘယ်နှစ်ကြိမ်ဖုန်းဆက်သလဲ
၁၄။ လီဆောင်းဦး
၁၅။ ပြောင်းလဲနေသောမျိုးဆက်များ
၁၆။ ကျနော် ၁၂ ပွဲဈေးသည်
၁၇။ ရင်ကို
၁၈။ လူရာဝင်တဲ့လူဆိုတာ
၁၉။ ဒုက္ခကိုလေ့လာခြင်း
၂၀။ မိမိကိုယ် မိမိဆန်းစစ်ခြင်း
၂၁။ အဖေ့ကိုချစ်တယ် ဒါပေမဲ့
၂၂။ ခဏခဏခါတ်ဆီးတဲ့ကျနော့်အမေ
၂၃။ ကိုယ်ကအရင် စပြောင်းပါ
၂၄။ ကောင်းမှုအစိတ္တကံကြောင့်
၂၅။ ကျွန်တော်နှင့်မခဲ့လေး
၂၆။ အောင်မြင်ချင်ရင်ဒါတွေလုပ်
၂၇။ ရင်းထခြင်း
၂၈။ လွှက်ရည်တစ်ထုပ် မျက်လုံးတစ်လုံး
၂၉။ ရေမှာ ငရွှေး ကုန်းမှာမြွေပွေး ထောင်မှာစိန်ငွေး
၃၀။ ဆုံးရှုံးစရာမရှိတဲ့ သူညများ
၃၁။ စေတနာမှ ဝေဒနာသို့
၃၂။ ဆုံးဖြတ်ချက်


...

## နိဒါန်း

ကျွန်တော်ဟာ ကဗျာတွေ စာတွေ ရေးနေပေမယ့် ကဗျာရေးနည်း၊ စာရေးနည်း၊ စည်းမျဉ်းစည်းကမ်းတွေကို လေ့လာသင်ယူခြင်း၊ စူးစမ်းမေးမြန်းခြင်းကို လုံးဝပြုလုပ်ခြင်းမရှိပါဘူး။ ကျွန်တော့်ရဲ့ အတွေးထဲမှာ ပေါ်လာတဲ့ စိတ်ခံစားချက်အတိုင်း ရေးသားတယ်။ အတန်းပညာအားနဲ့သလို လေ့လာသင်ယူမှုမရှိတာကြောင့် ကျွန်တော်ရေးတဲ့ စာတွေကဗျာတွေဟာ နည်းစနစ်မကျ မချော မွေ့ဘူးဆိုတာ ကျွန်တော်သိတယ်။ ဒါပေမယ့် လူအများကို ကောင်းသော ဗဟုသုတ မှန်ကန်သော အဖြစ်အပျက်တွေ ဖြန့်ဝေရာမှာ ကျွန်တော်ကတော့ အများနားလည်ခံစားလို့ရတဲ့ ရေးသားခြင်းကို သာအားသန်တာကြောင့် လိုတိုရှင်းရေးသားရတာကို ကြိုက်နှစ် သက်မိတယ်။

အရသာခံ စာမရေးတတ်သလို ဘယ်ကိစ္စ အဖြစ်အပျက်၊ အကြောင်းအရာမဆို ပွင့်ပွင့်လင်းလင်း အမှန်အတိုင်း ကျွန်တော်သိနားလည်တဲ့အတိုင်း ပြောဆိုရေးသားရတာကို ကျွန်တော်အားသန်ခဲ့တယ်။ အတန်းပညာမရှိပေမဲ့ စိတ်မြန်လက်မြန်ရှိတဲ့ ကျွန်တော် ခံစားချက်တွေနဲ့ မတရားမှုတွေကို ဆန့်ကျင်တော်လှန်ရင်း အကျဉ်း ထောင်ထဲက ခါးသီးခြင်းတွေ မမှန်ကန်မှုတွေကို အာခံလို့ ဆန့်ကျင် အန်တုရင်း စာရေးဖြစ်သွားသူ တယောက်ပါ။

ကိုယ်ကိုနှိုက်က လူကောင်းမဟုတ်ခဲ့ပေမယ့် လူကောင်းယောင်ဆောင်သူတွေ လူကောင်းလို့ အမည်ခံသူတွေထက်တော့ ကောင်းမွန်တဲ့စိတ်ဓာတ်ရှိတယ်ဆိုတာ လူကောင်းယောင်ဆောင်သူများစွာနဲ့ ထိတွေ့ခဲ့လို့ ကိုယ့်အကြောင်းကိုသိတယ်။ အယောင်ဆောင်တွေအကြောင်းလဲ သိထားတဲ့အတွက် ကျွန်တော်စာတွေ



ဆက်တိုက်ရေးဖြစ်တာပါ။ အသက်အရွယ် ရလာမှ ကျွန်တော်ပြတ်ပြတ် သားသား ထင်ထင်ရှားရှားသိမြင်လာတာတွေ ပိုများလာခဲ့တယ်။ လောကကြီးအကြောင်း၊ လူတွေအကြောင်းပေါ့။ ကျနော့်ရဲ့စာဖတ်ပရိတ်သတ်တွေကို ကျွန်တော် အသိပေးပြောကြားချင်တာတွေရှိတယ်။ ပိုက်ဆံချမ်းသာတိုင်း၊ ပညာတတ်တိုင်း၊ ရာထူးရှိတိုင်း၊ စိတ်ထားကောင်းသူ လူ့ပတ်ဝန်းကျင်ကို အကျိုးပြုသူမဟုတ်သလို ဆင်းရဲတိုင်း၊ အတန်းပညာဘွဲ့မရတိုင်း၊ ရာထူးအာဏာမရှိတိုင်း၊ လူ့အဖွဲ့အစည်းကို အကျိုးမဲ့စေသူ မဟုတ်ဘူးဆိုတာ လူအများကို သိနားလည်စေချင်တယ်။ လွတ်လပ်ရေးမရမှီခေတ်အဆက်ဆက်ထဲက ယခုခေတ် ယနေ့အချိန်ထိအောင် ကောင်းသောအစိုးရ ကောင်းသောခေတ်စနစ် ရရှိဖို့ အဓိကအင်အားအများဆုံး တိုက်ပွဲဝင်နေသူတွေဟာ ဆင်းရဲသားမျိုးနွယ်စုတွေပါ။

ဒါကြောင့် အခြေခံလူတန်းစား လူအများကို မှာချင်တယ်။ ခေတ်စနစ်ကို ပြုပြင်ပြောင်းလဲစေသူတွေအများစုဟာ အခြေခံလူတန်း စား ကျွန်တော်တို့ဆင်းရဲသားတွေဆိုတာ သတိရကြပြီး ငါတို့ဟာ ငွေဆင်းရဲပေမယ့် စိတ်ဓာတ်မဆင်းရဲဘူးဆိုတာ လက်တွေ့ပြတဲ့ အနေနဲ့ လူ့ပတ်ဝန်းကျင်ကို အကျိုးပြုရင်း စစ်မှန်သော ဒီမိုကရေစီ စနစ်ကို ရရှိအောင် ဝိုင်းဝန်းကြိုးပမ်းကြဖို့ နှိုးဆော်လိုက်ပါတယ်။

ပြည်သူဘဝကို ထင်ဟပ်စေသောစာများကို အစဉ်တစိုက် ရေးသားမယ့် ဖြစ်ရပ်မှန်စာရေးသူ . . .

**အင်းစိန်အောင်စိုး**
၄-၂-၂၀၁၉



## အမှာစာ

လူ့လောက၊ လူသားအားလုံး၊ ဘဝတသက်တာ၊ ကျင်လည်ဖြတ်သန်းကြရာမှာ ကံအကြောင်းတရားကြောင့် အနိမ့်အမြင့်၊ အကောင်းအဆိုး၊ ရင်ဆိုင်ကြရတယ်လို့ အချို့သောသူတွေက ထင်မြင်ယူဆကြတယ်။ လူတချို့ကတော့ မိမိကိုယ်ကိုသာ မိမိအားကိုးရာ အစစ်အမှန်အဖြစ် ယုံကြည်ကြတယ်။ ကိုယ့်ရဲ့ ဝီရိယကို အားပြုလို့ စားဝတ်နေရေးကို ရင်ဆိုင်ဖြေရှင်းကြသူတွေဟာ သာမန်လူအများထက် သာလွန်ကောင်းမွန်တဲ့ အကြံဉာဏ်တွေနဲ့ လူ့ဘဝအဆင့်အတန်းကို မြင့်မားအောင် ကြိုးစားရုန်းကန်ပြီး လူချမ်းသာ၊ ငွေကြေးပြည့်စုံသူအဖြစ် ဘဝတိုက်ပွဲကို အောင်နိုင်သွားကြတယ်။

အရာရာကို ကြိုးစားမှုမပြုဘဲ ကံကိုသာ ရိုးမယ်ဖွဲ့နေသူတွေကတော့ ကံကောင်းရင် အဆင်ပြေမယ်တဲ့။ ကံမရှိရင် ဉာဏ်ရှိလဲ မွဲမှာဘဲဆိုတဲ့ အတွေးအမြင်တွေနဲ့ ကံငါးပါးကိုမလုံဘဲ ထီပေါက်ဖို့၊ ကံထဖို့ စောင့်မျှော်ရင်း တဖြည်းဖြည်း အသက်တွေကြီးလာကြတယ်။ အချိန်ရဲ့ တိုက်စားမှုကြောင့် အိုမင်းလာပြီး အနှစ်မဲ့တဲ့ ကြိုးစားမှုမပါတဲ့ မျှော်လင့်ချက်ကို ဆုတ်ကိုင်တွေးမျှော်ရင်း ဇရာရဲ့ ဖိစီးမှုတွေနဲ့အတူ နုပျိုမှုတွေ၊ ပျက်စီးပျောက်ဆုံးလို့ ဘဝရဲ့ နေဝင်ချိန်ကို ရောက်ရှိသွားကြတယ်။

လူ့လောကမှာ လူသားတွေဟာ လူအမျိုးမျိုး၊ စိတ်အထွေထွေဆိုတဲ့ စကားအတိုင်း လူသားအားလုံးနီးပါးဟာ မတူညီတဲ့ အတွေးအမြင် ခံစားချက် ကွဲပြားတဲ့ လုပ်ဆောင်မှုတွေနဲ့အတူ ကိုယ်ယုံကြည်ရာကို ပြောဆို၊ လုပ်ကိုင်၊ ဖြတ်သန်းကြရင်း တိုတောင်းလွန်းလှတဲ့ လူ့ဘဝခဏတာလေးကို လောဘ၊ ဒေါသ၊ မောဟ၊ အတ္တ၊ မာန်၊



မာနတွေနဲ့ ပြိုင်ကြရင်း နောက်ဆုံးတော့ အားလုံးဟာ တလမ်းထဲကိုသာ ရောက်သွားကြတာပါ။

ဒီစာကိုရေးနေတဲ့ ကျွန်တော်ကိုယ်တိုင် အသိရှိပေမယ့် လက်တွေ့လိုက်နာကျင့်သုံးမှုကတော့ နည်းပါးနေပါတယ်။ ကျွန်တော့်ဘဝတသက်တာ ဖြတ်သန်းကြုံတွေ့ခဲ့ရတဲ့ နီးစပ်ရာ လူတချို့ရဲ့ ဘဝအနိမ့်အမြင့်တွေနဲ့အတူ မတူညီတဲ့ ဆန့်ကျင်ဖက် အတွေးအခေါ်တွေနဲ့ လူ့ဘဝကို ဖြတ်သန်းနေထိုင်သွားကြပုံတွေဟာ စိတ်ကူးယဉ်မဟုတ်ပဲ လက်တွေ့မြင်တွေ့ခဲ့ရတာတွေကို စာဖတ်သူများအား မျှဝေလိုက်ပါတယ်။

၁၄-၂-၂၀၁၉
**အင်းစိန်အောင်စိုး**